# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၉၂

၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၅ တွင် ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသောအယူခံမှု

| ဟဲန်ဝူးဒ်ထရေးဒင်းကုမ္ပဏီ | နှင့် | ဂရင်းဆာကယ်လ်ကုမ္ပဏီလီမိတက် |
|---|---|---|
| (၎င်း၏မြန်မာနိုင်ငံကိုယ်စားလှယ်ဦးညွန့်မောင်) | | ၎င်း၏ကိုယ်စားလှယ်အထွေထွေမန်နေဂျာဦးသက်ဦး) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် - ဦးဘအေး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးသူရိန်ဝင်း၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁၈ တွင် ဟဲန်ဝူးဒ်ထရေးဒင်းကုမ္ပဏီက ဂရင်းဆာကယ်လ်ကုမ္ပဏီလီမိတက်အပေါ် "စာချုပ်အရ ပေးထားငွေ၊ နစ်နာကြေးနှင့် လျော်ကြေးငွေရလိုမှု" စွဲဆိုရာ တရားပြိုင်သည် တရားလိုမှ ၃-၁-၂၀၀၆ ရက်စွဲပါ အရောင်းပဋိညာဉ်စာချုပ်အရ ပေးချေထားသော ကြိုတင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၀၀၀ သို့မဟုတ် အဆိုပါ အမေရိကန်ဒေါ်လာနှင့် ညီမျှသော ကာလပေါက်ဈေးအရ မြန်မာငွေအား တရားလိုသို့ ပေးဆပ်စေရန် ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီအပေါ် တရားပြိုင်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၅ ဖြင့် တင်သွင်းရာ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ မူလရုံးတရားလို၏ အဆိုလွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် တရားလိုက ဤအယူခံမှုကိုတင်သွင်းသည်။

အဆိုလွှာအရ တရားလိုသည် တရားပြိုင်ကုမ္ပဏီကထုတ်လုပ်သော TAMARING JUICE မန်ကျည်းဖျော်ရည်ဘူးဝယ်ရန် စာချုပ် ချုပ်ဆိုပြီး ၂၂-၁-၂၀၀၆ ရက်နေ့က အမေရိကန်ဒေါ်လာ

၁၀၀၀၀ ကို တရားပြိုင်ထံပေးချေခဲ့ကြောင်း၊ တစ်နှစ်ကျော်ကြာသည်အထိ ပစ္စည်းတင်ပို့ခြင်းမပြု ကြောင်း၊ ထို့ကြောင့် တရားပြိုင်ထံပေးပို့ထားသော အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့်ညီမျှသော FEC ၁၀၀၀၀ ယူနစ်ကိုလည်းကောင်း၊ ၂၂-၁-၂၀၀၆ ရက်နေ့မှ ၂၂-၃-၂၀၀၈ ရက်နေ့အထိ ၂၆ လ အတွက် တစ်လလျှင် ၆ % နှင့်ညီမျှသော FEC ၁၅၆၀၀ ယူနစ်၊ ယင်းငွေဖြင့်ရင်းနှီးမြှုပ်နှံမှုပြု၍ ကုန်သွယ်ရန် နစ်နာသည့်အတွက် ဆုံးရှုံးမှုလျော်ကြေး FEC ၁၀၀၀၀ ယူနစ်၊ စုစုပေါင်း FEC ၃၅၆၀၀ ယူနစ်ကို တစ်ပတ်အတွင်း ပေးပို့ရှင်းလင်းရန် အကြောင်းကြားခဲ့သော်လည်း လိုက်နာ ခြင်းမရှိကြောင်း၊ ၂၅-၇-၂၀၀၇ ရက်စွဲပါ စာတစ်စောင်ပေးပို့ပြီး အမေရိကန်ဒေါ်လာ ၁၀၀၀၀ ရယူ ခဲ့ခြင်းကို ငြင်းဆိုခဲ့ခြင်းမရှိဘဲ သဘောတူညီချက်ကို အတိအလင်းဖောက်ဖျက်ခဲ့ကြောင်း၊ သို့ဖြစ်၍ FEC ၃၅၆၀၀ ယူနစ် သို့မဟုတ် ၎င်းနှင့်ညီမျှသော မြန်မာငွေကျပ် ၄၂၇၂၀၀၀၀/- ကို တရားရုံးက ခွင့်ပြုသော အတိုးနှုန်းနှင့်တကွ ပေးစေရန် ဖော်ပြထားသည်။

ချေလွှာတွင် တရားလိုကုမ္ပဏီနှင့် တရားပြိုင် ကုမ္ပဏီတို့စာချုပ် ချုပ်ဆိုခြင်းမရှိ သည့်အပြင် ၂၂-၁-၂၀၀၆ ရက်နေ့က အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကိုပေးချေခဲ့ခြင်းမရှိကြောင်း ၊ ငွေပြန်ပေးရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ၂၅-၇-၂၀၀၇ ရက်စွဲပါစာမှာ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို တရားပြိုင်က ရယူထားခဲ့ခြင်းမရှိကြောင်း၊ တရားလိုသည် တရားပြိုင်အပေါ် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့်ညီမျှသော FEC ၁၀၀၀၀ ယူနစ်ကိုလည်းကောင်း၊ ၆ % နှင့် ညီမျှသော FEC ၁၅၆၀၀ ယူနစ်ကိုလည်းကောင်း၊ လျော်ကြေးငွေ FEC ၁၀၀၀၀ ယူနစ်ကို လည်းကောင်း တောင်းခံခွင့်မရှိကြောင်း၊ တရားလိုတောင်းခံသောငွေကျပ် ၄၂၇၂၀၀၀၀ ကို တောင်းခွင့်မရှိကြောင်း၊ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိကြောင်း ချေပသည်။

မူလရုံးက တရားလိုအနေဖြင့် တရားပြိုင်သို့ ပေးချေထားခဲ့သော အမေရိကန် ဒေါ်လာ ၁၀၀၀၀ အား တရားပြိုင်ထံမှ ပြန်လည်ရထိုက်ခွင့်ရှိကြောင်း၊ နစ်နာမှုအတွက် တရားလို တောင်းခံထားသည့် ငွေပမာဏဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၅၆၀၀ အား ရထိုက်ခွင့်မရှိသော် လည်း အဆိုပါနစ်နာမှုအတွက် နစ်နာကြေးငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ရထိုက်ခွင့်ရှိ ကြောင်း လျော်ကြေးငွေမှာ လူထိခိုက်မှု၊ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိမှသာ ရထိုက်ခွင့်ရှိကြောင်း၊ လျော်ကြေးနှင့်အတိုးငွေများကို ရထိုက်ခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလို ကုမ္ပဏီကိုယ်တိုင်က Johnny Yeung တစ်ဦးတည်းကိုသာ ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း၊ Johnny Yeung ဘက်မှ ပျက်ကွက်မှုများရှိခဲ့ရာ ယင်းအခြေအနေမျိုးတွင် တရားလိုကုမ္ပဏီသည် တရားပြိုင်ကုမ္ပဏီထံ ဆက်သွယ်၍ မေးမြန်းခြင်း၊ စာချုပ်ကို အတည်ပြုခြင်းတို့ ဆောင်ရွက်သင့်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပုဂ္ဂိုလ်ရေးကို အခြေခံသည့်ကိစ္စရပ်ဖြစ်သည်ဟု ဖော်ပြနေ သကဲ့သို့ရှိသည်ကို တွေ့ရကြောင်း၊ တရားလိုကုမ္ပဏီအနေဖြင့် Johnny Yeung အပေါ်တွင်သာ တရားမကြီးမှုစွဲဆို၍ အရောင်းပဋိညာဉ်အရ ပေးချေထားသော ကြိုတင်ငွေနှင့်နစ်နာကြေးတို့ကို တောင်းဆိုသင့်ကြောင်း၊ တရားလိုသည် တရားပြိုင်ကုမ္ပဏီက ထုတ်လုပ်သော မန်ကျည်းဖျော်ရည်ဘူး

ဝယ်ရန် စာချုပ် ချုပ်ဆိုပြီး ၂၂-၁-၂၀၁၆ ရက်နေ့က အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို တရားပြိုင်ထံ ပေးချေခဲ့သည်မှာ မမှန်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက မူလရုံးက တရားပြိုင်မှ တရားလိုသို့ တရားမစွဲမီ ပြန်ကြားခဲ့သော သက်သေခံ (ဥ) နှင့် သက်သေခံ (ဃ) တို့အရ သက်သေခံ (ဏ) ၃-၁-၂၀၁၆ ရက်စွဲပါစာချုပ် ချုပ်ဆိုခဲ့ခြင်းရှိ မရှိ၊ တရားပြိုင်က အတိအလင်းငြင်းဆန်ချေပခဲ့ခြင်းမရှိကြောင်း၊ ၂၂-၁-၂၀၁၆ ရက်နေ့တွင် တရားလိုက တရားပြိုင်သို့ ဟောင်ကောင်ရှိ HSBC BANK မှတစ်ဆင့် ကြိုတင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ယူနစ်လွှဲပြောင်းပေးပို့ခဲ့မှုအပေါ် အတိအလင်းငြင်းဆိုချေပခြင်းမရှိကြောင်း၊ သက်သေခံ (ဥ) တွင် USD ၁၀၀၀၀ နှင့်ပတ်သက်၍ အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ရန်အလို့ငှာ လူကြီးမင်းတို့ဘက်တွင်ရှိသည့် သက်ဆိုင်ရာစာရွက်စာတမ်းများ၏ မိတ္တူကို အမြန်ပေးပို့ပါရန် အကြောင်းကြားပါသည်ဟု ပါရှိကြောင်း၊ တရားလိုမှ စာရွက်စာတမ်းမိတ္တူများပေးပို့ပြီးနောက် တရားပြိုင်က သက်သေခံ (ဃ) ဖြင့် USD ၁၀၀၀၀ ကိစ္စကို ငြင်းပယ်နိုင်သည့်အခြေအနေတွင် ရှိလင့်ကစား လုံးဝငြင်းပယ်ရန် စိတ်ကူးမရှိခဲ့ပါဟု ဖော်ပြထားကြောင်း၊ သက်သေခံ (ဃ) ကို လက်မှတ်ရေးထိုးပေးပို့သူသည် မူလရုံးမှစ၍ အယူခံရုံးများအထိ တရားပြိုင်ဘက်မှ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူ ဦးသက်ဦးဖြစ်ကြောင်း၊ ငြင်းဆိုခွင့်မရှိသော ဝန်ခံချက်များရှိနေပါလျက် ပထမအယူခံရုံးက အယူခံလွှာကို ခွင့်ပြုခြင်းသည် မှားယွင်းလျက်ရှိကြောင်း၊ မူလရုံး၏ဒီကရီအပေါ် ၂၀၁၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၅၇ ကို တင်သွင်းခဲ့ရာ တရားပြိုင်က ၆ လ ၆ ရစ်ပေးဆပ်ပြီး ၃-၃-၂၀၁၇ ရက်နေ့တွင် ဒီကရီငွေပေြကျေသဖြင့် ဇာရီမှုကို ပိတ်သိမ်းခဲ့ကြောင်း၊ စာချုပ်သက်သေခံ (ဏ) ကို တရားပြိုင်အတွက် Johnny Yeung က လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းသည် ဦးစိုးမြင့်၏သားဖြစ်ကြောင်း၊ ဦးစိုးမြင့်သည် ဂရင်းဆာကယ်လ်ကုမ္ပဏီမှ ၂၀၀၆ ခုနှစ်၊ ၈ လပိုင်းတွင် တရားဝင်နုတ်ထွက်သွားကြောင်းကို တရားပြိုင်၏ ကိုယ်စားလှယ်က ထွက်ဆိုသွားကြောင်း၊ ဦးစိုးမြင့်သည် သက်သေခံ (ဏ) စာချုပ် ချုပ်ဆိုသည့် ၃-၁-၂၀၀၆ ရက်နေ့က ဂရင်းဆာကယ်လ်ကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူတစ်ဦးဖြစ်ကြောင်း Johnny Yeung သည် တရားပြိုင်ကုမ္ပဏီတွင် ၎င်း၏ဖခင်က တာဝန်ရှိသူတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ဖူးသည့်အခြေအနေအရ ယင်းစာရွက်စာတမ်းများကို အလွယ်တကူရရှိခြင်းဖြစ်သည်ဟူသော သုံးသပ်ချက်သည် ယူဆချက်သာဖြစ်ကြောင်း၊ နို့တစ်စာ သက်သေခံ ( ၄) အပေါ် တရားပြိုင်ဘက်မှ ပြန်ကြားစာ သက်သေခံ (ဥ) နှင့် သက်သေခံ (ဃ) တို့အရ နှစ်ဖက်သဘောတူညီချက်ပါ ROSE BRAND ဖြင့် စီစဉ်ပေးလိုကြောင်း အမေရိကန်ဒေါ်လာ ၁၀၀၀၀ ယူနစ်လက်ခံရရှိခြင်းကို ဝန်ခံထားကြောင်း သက်သေခံ (ဥ) နှင့် (ဃ) သည် သက်သေခံ (ဏ) ပဋိညာဉ်ကို ချိုးဖောက်ကြောင်း ပြန်ကြားခြင်းဖြစ်ကြောင်း အရှေ့ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပေးပါရန် လျှောက်ထားသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက သက်သေခံ (ဥ) နှင့် (ဃ) တို့အရ တရားပြိုင်အနေဖြင့် တရားလိုထံမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ရယူခြင်းနှင့် ၃-၁-၂၀၀၆ ရက်နေ့ စာချုပ် ချုပ်ဆိုခဲ့ခြင်းတို့ကို ဝန်ခံခဲ့ခြင်းမရှိကြောင်း နှစ်ဖက်အဆင်ပြေရန်အတွက် ဆန္ဒရှိပါက

စာချုပ်အသစ်ချုပ်ဆို၍ လုပ်ငန်းဆက်လက်လုပ်ကိုင်ကြရန် ဖော်ပြခဲ့ခြင်းသာဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၅၇ တွင် လိုက်နာရန်ရှိသည့်ဒီကရီပါ တာဝန်များကို ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ၃-၁-၂၀၁၆ ရက်စွဲပါအရောင်းပဋိညာဉ်စာချုပ်၌ လက်မှတ်ရေးထိုးသူမှာ ဂရင်းဆာကယ်လ်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာလည်းမဟုတ်၊ အစုရှယ်ယာဝင်လည်းမဟုတ်ကြောင်း ကိုယ်စားလှယ်လွှဲအပ်ထားခြင်းလည်းမရှိကြောင်း၊ ကုမ္ပဏီ၏ Letter Head ဆိုသည်မှာ ဖန်တီးရယူနိုင်သောစာရွက်ဖြစ်ကြောင်း၊ တရားလိုက ပေးအပ်သည်ဆိုသောငွေမှာ ဂရင်းဆာကယ်လ်ကုမ္ပဏီသို့ တိုက်ရိုက်ပေးအပ်ခြင်းမရှိကြောင်း၊ ဂရင်းဆာကယ်လ်အမည်ဖြင့် ပေးသွင်းခဲ့ခြင်းမရှိကြောင်း၊ တရားလိုသည် တရားပြိုင်၏ ငွေစာရင်းအကောင့်ကိုသာ ပေးသွင်းရမည်ကို သိရှိလျက် ဟောင်ကောင်နိုင်ငံရှိ (HSBC) ဘဏ်ခွဲ၏ HENWOOD GENERAL TRADING LLC စာရင်းမှ YEUNG WING REGINA ၏ စာရင်းအမှတ် ၀၀၄ - ၀၄၈၅၀၅၅၆၈၃၃ သို့ ပေးသွင်းခဲ့ခြင်းသာဖြစ်ကြောင်း တရားလိုအနေဖြင့် တရားပြိုင်နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်း မဟုတ်ဘဲ တရားပြိုင်၏ဒါရိုက်တာအဖွဲ့ဝင်မဟုတ်သူ Juhnny Yeung နှင့်သာ ပြုလုပ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သက်သေခံ (ဉ) နှင့် (ဃ) တို့တွင် ၃-၁-၂၀၀၆ ရက်စွဲပါ ပဋိညာဉ်နှင့် ပတ်သက်၍ ချုပ်ဆိုခဲ့ကြောင်း ဝန်ခံခြင်း၊ ငွေလက်ခံရယူခဲ့ခြင်းကို ဝန်ခံခြင်းမရှိကြောင်း ပဋိညာဉ်ပြုလုပ်ခဲ့ခြင်းနှင့် ငွေလက်ခံခြင်းကို မသိရှိကြောင်းနှင့် လုပ်ငန်းလုပ်ကိုင်လိုပါက နှစ်ဖက်ညှိနှိုင်း၍ စာချုပ်အသစ်ချုပ်ဆိုရန်အတွက် ပြန်ကြားခဲ့ခြင်းဖြစ်ကြောင်း ဈေးကွက်စီးပွားရေးအရ မိတ်မပျက်ရန်နှင့် ကုမ္ပဏီတံဆိပ် နိုင်ငံတကာသို့ ပျံ့နှံ့စေရန်ရည်ရွယ်၍ ပြန်ကြားခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားပြိုင်ထံ၌ ROSE အမှတ်တံဆိပ်စတစ်ကာများတွေ့ရှိသည်ဆိုရာ၌ FDI စစ်ဆေးပေးရန်အတွက် Johnny Yeung အကူအညီတောင်း ပေးပို့ထား၍ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ နစ်နာကြေးနှင့်ပတ်သက်၍ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားစာတိုင် ၂၂ နှင့် ၃၁ တို့အရ တစ်နှစ်အတွင်း စွဲဆိုရမည်ဖြစ်သော်လည်း တစ်နှစ်ကျော်ကြာမှ စွဲဆိုသောအမှုကို ပလပ်ရန်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

မူလအမှုကို စိစစ်ကြည့်ရာ ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂၄ ဖြင့် ၁၀-၄-၂၀၀၈ ရက်နေ့တွင် စတင်စွဲဆိုခဲ့ကြောင်း စီရင်ပိုင်ခွင့်တိုးမြှင့်မှုအရ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁၈ ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း တွေ့ရသည်။

တရားလိုကုမ္ပဏီ၏ မြန်မာကိုယ်စားလှယ်ဦးညွန့်မောင်မှ ပထမအကြိမ် တရားပြိုင်ကုမ္ပဏီထံမှ ဗွီဗွီမန်ကျည်းဖျော်ရည်ဝယ်ယူတင်ပို့ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်တရားပြိုင်ကုမ္ပဏီက ထုတ်လုပ်နေသော ဗွီဗွီအမှတ်တံဆိပ်အဖြစ်မဟုတ်ဘဲ တရားလိုဘက်က Rose အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်ပေးရန် တောင်းဆိုခဲ့ရာ တရားပြိုင်ဘက်က သဘောတူညီခဲ့ကြောင်း၊ မန်ကျည်းဖျော်ရည် ၂၄ လုံးပါ ကာတွန်ဘူး ၃၁၆၀ ပါဝင်သော ကွန်တိန်နာ ၃ လုံးအတွက် စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ ၂၄ လုံးပါ တစ်ဘူးကို အမေရိကန်ဒေါ်လာ ၂. ၃၅ ယူနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊ ကွန်တိန်နာတစ်လုံးလျှင် ကာတွန်း ၆၀ အပိုဆောင်းပေးရန် စာချုပ် ချုပ်ဆိုပြီးနောက်

၃ လတွင်းတင်သွင်းရန် သဘောတူညီခဲ့ကြောင်း စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် စာချုပ်တွင် ပါဝင်သည့် စည်းကမ်းအတိုင်း အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ဟောင်ကောင်နိုင်ငံရှိ HSBC ဘဏ်သို့ လွှဲပြောင်းပေးခဲ့ရကြောင်း၊ တရားပြိုင်ကုမ္ပဏီအတွက် ယင်းငွေလွှဲစာတွင် (YEUNG OI WING REGINA ) ဆိုသည့်စာရင်းသို့ လွှဲပြောင်းပေးရကြောင်း၊ တရားပြိုင်ဘက်က ညွှန်ကြားသော အဆိုပါစာရင်းပိုင်ရှင်၏ စာရင်းအမှတ်မှာ (၀၀၄၀၄၈၅၀၅၅၅၆၈၃၃) ဖြစ်ကြောင်း၊ တရားပြိုင်မှ ကတိအတိုင်းတင်ပို့ခြင်းမရှိကြောင်း၊ ဂရင်းဆာကယ်လ်ကုမ္ပဏီကို ဦးကျော်မြင့်၊ ဦးစိုးမြင့် ညီအစ်ကို ၂ ဦးက ဖွဲ့စည်းခဲ့ပြီး ဦးစိုးမြင့်၏သားမှာ Johnny Yeung ဖြစ်ကြောင်း၊ တရားပြိုင်ဘက်က ပစ္စည်းတင်ပို့ခြင်းမရှိသည့်အပြင် ၎င်းမှရယူထားသော အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ပတ်သက်၍လည်း ဖြေရှင်းပေးခြင်းမရှိသဖြင့် ၂၆-၃-၂၀၀၇ ရက်စွဲပါ နို့တစ်စာပေးပို့ခဲ့ကြောင်း၊ ၂၅-၇-၂၀၀၇ ရက်နေ့တွင် တရားပြိုင်ကုမ္ပဏီ၏အထွေထွေမန်နေဂျာ ဦးသက်ဦးမှ အကြောင်းပြန်ကြားစာပေးပို့ခဲ့ကြောင်း၊ ၎င်းမှရယူထားသော အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ငြင်းပယ်ရန် စိတ်ကူးမရှိခဲ့ကြောင်း၊ ယခင်သဘောတူညီချက်ကို အခြေခံ၍ ROSE တံဆိပ်ဖြင့် တရားဝင်ခွင့်ပြုချက်ရရှိအောင် အမြန်ဆောင်ရွက်၍ ပစ္စည်းတင်ပို့နိုင်ရန် ကြိုးစားမည်ဟု ဖော်ပြထားကြောင်း ထွက်ဆိုထားသည်။

ဦးမြင့်စိုး (လိုပြ - ၁) မှ သက်သေခံ (ဏ) အရောင်းပဋိညာဉ်တွင် တရားလိုကုမ္ပဏီအတွက် Mr. SAQUIB၊ တရားပြိုင်ကုမ္ပဏီအတွက် Johnny Young တို့က လက်မှတ်ရေးထိုးချုပ်ဆိုတာတွေ့ကြောင်း၊ Mr. SAQUIB မှ ထိုနေ့က နှစ်ဖက်လက်မှတ်ရေးထိုးထားသော သက်သေခံ (ဏ) စာချုပ်ကို ဖက်စ်ဖြင့် ကုမ္ပဏီရုံးချုပ်ရှိရာ ဒူဘိုင်းသို့ ပို့ခိုင်းကြောင်း၊ ယင်းစာချုပ်အရ တရားလိုကုမ္ပဏီက ပေးရမည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို တရားပြိုင်ကုမ္ပဏီက သတ်မှတ်ပေးသူထံ ဟောင်ကောင်ဘဏ်မှတစ်ဆင့် လွှဲပြောင်းပေးသည်ဟု သိရကြောင်း၊ Mr. SAQUIB မှာ ယခုမရှိတော့ဘဲ ရန်ကုန်မြို့၌ပင် ကွယ်လွန်သွားကြောင်း ထွက်ဆိုသည်။

တရားပြိုင်ကုမ္ပဏီ၏ ကိုယ်စားလှယ်အထွေထွေမန်နေဂျာ ဦးသက်ဦးမှ ဂရင်းဆာကယ်လ်ကုမ္ပဏီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားကြောင်း အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးဌေးနိုင်ဖြစ်ပြီး ဒါရိုက်တာမှာ ဒေါ်ခင်ရီဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် နိုင်ငံခြားနှင့်ကုန်သွယ်မှုပြုရာတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ကုမ္ပဏီအနေဖြင့် စာရင်းဖွင့်ရကြောင်း၊ ကုမ္ပဏီ၏ငွေစာရင်းအမှတ်မှာ FDG / 00098 ဖြစ်ကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့သည် မန်ကျည်းအချိုရည်ဝယ်ယူရန် စာချုပ် ချုပ်ဆိုခဲ့ခြင်းမရှိကြောင်း၊ ၂၂-၁-၂၀၀၆ ရက်နေ့က အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပေးပို့ခဲ့ခြင်းလည်းမရှိကြောင်း၊ အထွေထွေမန်နေဂျာ ဦးအိုက်စိုင်း၏ ၂-၅-၂၀၀၇ ရက်စွဲဖြင့် ပြန်ကြားစာတွင် ကြိုတင်ငွေဒေါ်လာ ၁၀၀၀၀ နှင့်ပတ်သက်၍ အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ရန် တရားလိုကုမ္ပဏီတွင် ထားရှိသည့် သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းမိတ္တူတစ်စုံပေးပို့ရန် တောင်းဆိုချက်နှင့်ပတ်သက်၍ မသိကြောင်း ထွက်ဆိုသည်။

သက်သေခံ (ဏ - ၁) အရ ဝယ်ယူသူ HENWOOD GENERAL TRADING ဒုဘိုင်း၊ ယူအေအီး၊ ရောင်းသူ Green Circle Co. Ltd (၃၆) လမ်း၊ ရန်ကုန်မြို့တို့မှ အရောင်းပဋိညာဉ်စာချုပ် ချုပ်ဆိုရာတွင် မန်ကျည်းသီးအရည် " ROSE " ALKEMAL ကြိုတင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ နောက်ဆုံးသင်္ဘောတင်ပို့ရာတွင် ကိုက်ညီမည်ဟု ဖော်ပြထားသည်။

သက်သေခံ (ဍ) ၂-၅-၂၀၀၇ ရက်စွဲပါနို့တစ်ပြန်စာတွင် တရားလိုကုမ္ပဏီ၏ ကမ်းလှမ်းချက်ကို Advance ငွေလက်ခံသူဘက်မှ ဆောလျင်စွာ ဖြည့်တင်းနိုင်ရန်အလို့ငှာ လိုအပ်သည့် Sticker များကိုပင်လျှင် နိုင်ငံခြားမှ မှာယူတင်သွင်းထား၍ စက်ရုံတွင် အဆင်သင့်ရှိနေကြောင်း၊ ၂၂-၁-၂၀၀၆ ရက်နေ့တွင် Export ကိစ္စကို Advance USD ၁၀၀၀၀ လက်ခံစာချုပ် ချုပ်ဆိုသူအနေဖြင့်လည်း တရားလိုကုမ္ပဏီနှင့် အလုပ် လုပ်ရန် တစ်ပိုင်းတစ်စဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ရန်အလို့ငှာ လူကြီးမင်းတို့ဘက်တွင် ထားရှိသည့် သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ၏မိတ္တူတစ်စုံကို အမြန်ဆုံးပို့ပေးရန် တောင်းဆိုအပ်ပါသည်ဟု ဦးအိုက်စိုင်း ဂရင်းဆာကယ်လ်ကုမ္ပဏီမှ လက်မှတ်ရေးထိုးထားသည်။

သက်သေခံ (ဎ) ၂၅-၇-၂၀၀၇ ရက်စွဲပါစာတွင် တရားပြိုင်ကုမ္ပဏီ၏ အထွေထွေမန်နေဂျာဦးသက်ဦးမှ လွှဲငွေ USD ၁၀၀၀၀ ကိစ္စရပ်ကို ငြင်းပယ်နိုင်သည့်အနေအထားတွင် ရှိနေလင့်ကစား လုံးဝငြင်းပယ်ရန် စိတ်ကူးမရှိခဲ့ပါ။ ယခင်ထားရှိခဲ့သည်ဆိုသော သဘောတူညီချက်ကို အခြေခံ၍ " ROSE " Brand ဖြင့် စီစဉ်ပေးလိုကြောင်း ဖော်ပြထားသည်။

တရားပြိုင်ကုမ္ပဏီ၏ ကိုယ်စားလှယ် ဦးသက်ဦးမှ ချေလွှာတွင် ၂၂-၁-၂၀၀၆ ရက်နေ့က တရားပြိုင်ကုမ္ပဏီက တရားလိုကုမ္ပဏီထံမှ USD ၁၀၀၀၀ လက်ခံရရှိခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသော်လည်း သက်သေခံ (ဎ) တွင် အတည်ပြုလက်ခံ၍ ယခင်သဘောတူညီချက်အတိုင်း စီစဉ်ပေးလိုကြောင်း တရားလို၏တင်ပြချက်အပေါ် လက်ခံခဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။ တရားလိုကုမ္ပဏီ၏ ကြိုတင်ငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀ ပေးချေပြီးနောက် ပစ္စည်းတင်ပို့မှု မရှိသေးကြောင်းလည်း ပေါ်ပေါက်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ အရ တရားပြိုင်ကုမ္ပဏီအနေဖြင့် တရားလိုကုမ္ပဏီမှ ရယူထားခဲ့သော အဆိုပါအမေရိကန်ဒေါ်လာ ၁၀၀၀၀ အား ပြန်လည်ပေးအပ်စေရန် တာဝန်ရှိပေသည်။ မူလရုံးက တရားလိုကုမ္ပဏီမှ ၃-၁-၂၀၀၆ ရက်စွဲပါ အရောင်းပဋိညာဉ်စာချုပ်အရ ပေးထားသောကြိုတင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ပြန်လည်ရထိုက်ကြောင်း ဒီကရီချမှတ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိပေ။

မူလရုံးက နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ခွင့်ပြုခဲ့ခြင်းနှင့်စပ်လျဉ်း၍ တရားလိုကုမ္ပဏီက ကြိုတင်ငွေအဖြစ် ၂၂-၁-၂၀၀၆ ရက်နေ့ကတည်းက ပေးချေထားခဲ့သော်လည်း တရားပြိုင်ကုမ္ပဏီက မန်ကျည်းဖျော်ရည်ဘူးများပေးပို့ခြင်းမရှိသဖြင့် ယခုအမှုအား ၂၀၀၈ ခုနှစ်ကတည်းက စွဲဆိုခဲ့ခြင်းဖြစ်ပေရာ ထိုကာလများအတွက် အဆိုပါငွေအတွက်နစ်နာမှု ဖြစ်ပေါ်ခဲ့ရကြောင်း၊ အဆိုပါ နစ်နာမှုအတွက် နစ်နာကြေးငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀ ကိုတော့ တရားပြိုင်ကုမ္ပဏီထံမှ ပြန်လည်ရထိုက်ခွင့်ရှိသည်ဟု သုံးသပ်ခွင့်ပြုခဲ့သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၃၁ ၌ ကုန်စည်များကို ပေးအပ်ရာတွင် ကြန့်ကြာသည့်အတွက် သို့မဟုတ် မပေးမအပ်သည့်အတွက် သယ်ယူပို့ဆောင်သူအပေါ်တွင် လျော်ကြေးငွေရလိုမှုကို ကုန်စည်များကို ပေးအပ်သင့်သည့်အခါကစ၍ တစ်နှစ်အတွင်း စွဲဆိုရန် ပြဋ္ဌာန်းထားသည်။ " သယ်ယူပို့ဆောင်သူ" ဟူသည် သူတစ်ပါး၏ကုန်ပစ္စည်းများကို အခယူ၍ တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်ပေးရန် တာဝန်ယူသောပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ ဖြစ်သည်။

ပစ္စည်းပေးအပ်သင့်သည့် အချိန်ဟုဆိုရာ၌ သင်္ဘောဆိပ်ကမ်းမှ ထွက်ခွာသည့်နေ့မှစ၍ ရေတွက်ရန်ဖြစ်သည်။ **အော်ထရေးရှင်းကုမ္ပဏီ နှင့် ယူနိုက်တက်လိုင်းနားအေဂျင်စီအော့ဘားမား လီမိတက် အမှု**[၁] ကို ကြည့်ပါ။

သက်သေခံ (ဏ - ၁) တွင် သင်္ဘောတင်ပို့ခြင်းသည် ပထမအကြိမ် သင်္ဘောတင်ပို့သည့်နေ့မှ ၆ လမှ စတင်ပါမည်ဟု ဖော်ပြထားသည်။ ယခုအမှုတွင် တရားပြိုင်ကုမ္ပဏီက ပထမအကြိမ် သင်္ဘောတင်ပို့ခြင်းပင်မပြုသည့်အပြင် သယ်ယူပို့ဆောင်သူတွင် အကျုံးမဝင်သည့်အတွက် ဤအပိုဒ်နှင့် သက်ဆိုင်ခြင်းမရှိပေ။

တစ်ဦးတစ်ယောက်သောသူအား အခြားသော နစ်နာစေမှုဖြစ်စေသည့်အတွက် လျော်ကြေးငွေရလိုမှုကို နစ်နာစေသည့်နေ့ရက်ကစ၍ တစ်နှစ်အတွင်း စွဲဆိုရန်ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၂၂ ၌ ပြဋ္ဌာန်းထားသည်။ တရားပြိုင်ကုမ္ပဏီက သက်သေခံ (ဃ) ၂၅-၇-၂၀၀၇ ရက်စွဲပါစာဖြင့် ယခင်သဘောတူညီချက်ကို အခြေခံ၍ Rose Brand ဖြင့် စီစဉ်ပေးလိုကြောင်း ပြန်ကြားခဲ့သော်လည်း စီစဉ်ပေးခြင်းမရှိသည့်အတွက် တရားလိုကုမ္ပဏီ နစ်နာစေသည့်နေ့ရက်အား ၂၅-၇-၂၀၀၇ ရက်နေ့မှ စတင်ရေတွက်ပါက တရားစွဲဆိုသည့် ၁၀-၄-၂၀၀၈ ရက်နေ့သည် ကာလစည်းကမ်းသတ်တစ်နှစ်အတွင်းကျရောက်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိသေးပေ။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက နစ်နာကြေးနှင့်ပတ်သက်၍ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၂၂ နှင့် ၃၁ တို့အရ တစ်နှစ်အတွင်းစွဲဆိုရမည်ဖြစ်သော်လည်း တစ်နှစ်ကျော်ကြာမှ စွဲဆိုသောအမှုကို ပလပ်ရန်ဖြစ်ကြောင်း တင်ပြချက်အပေါ် လက်မခံနိုင်ပေ။ မူလရုံးက ၂၂-၁-၂၀၀၆ ရက်နေ့ကတည်းက တရားလိုနှင့်တရားပြိုင်သို့ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပေးချေထားမှုအပေါ် ၂၀၀၈ ခုနှစ်တွင် စွဲဆိုခဲ့၍ ထိုကာလများအတွက် နစ်နာကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ခွင့်ပြုခဲ့ခြင်းသည် မှားယွင်းမှုမရှိပေ။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုကုမ္ပဏီအနေဖြင့် Johnny Yeung အပေါ်တွင်သာ တရားမကြီးမှုစွဲဆို၍ အရောင်းပဋိညာဉ်အရ ပေးချေထားသော ကြိုတင်ငွေနှင့် နစ်နာကြေးတို့ကို တောင်းဆိုသင့်ကြောင်း သုံးသပ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုသာပေ။

---

၁။ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၇၂။

သို့ဖြစ်၍ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး အဆိုလွှာကို ပလပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက တရားပြိုင်ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် နစ်နာကြေးငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၀၀၀၀ သို့မဟုတ် အဆိုပါ အမေရိကန်ဒေါ်လာငွေနှင့် ညီမျှသော ကာလပေါက်ဈေးအရ မြန်မာငွေအား တရားလိုကုမ္ပဏီသို့ ပေးဆပ်စေရန် စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုရန်သာရှိပေသည်။

ထို့ကြောင့် ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( သာဌေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး